ISP ကပြင်ရပ်ဝန်း

ISP ON POINT

အမှတ်-၁၇၊ နိုဝင်ဘာ ၁၀ ရက်၊ ၂၀၂၃ ခုနှစ်

# စစ်ဆင်ရေး ၁၀၂၇

## လမ်းများအားလုံး လောက်ကိုင်သို့လား၊ နေပြည်တော်ဆီလား



စစ်ကောင်စီ လားရှိုးတပ်နယ်မှ ဒုံးလက်နက်များ ပစ်လွှတ်နေသည်ကို အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။ (PHOTO : AFP)

ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာစတင်ခဲ့တဲ့ **'စစ်ဆင်ရေး ၁၀၂၇'**နဲ့ ပတ်သက်ပြီး ISP-Myanmar ရဲ့ သုတေသနတွေ့ရှိချက်တွေအပေါ် အခြေခံထားတဲ့ လေ့လာဆန်းစစ်မှုတွေကို ကနဦးသုံးသပ်ချက် (OnPoint) သုံးပုဒ်ရေးသားပြီး ဖော်ပြဖို့ရှိပါတယ်။ ဒီတပုဒ်မှာ စစ်ဆင်ရေးနောက်ခံနဲ့ စစ်ပွဲက အချက်ပေးနေပုံ (Signaling Effects) တွေကို အလေးထားဖော်ပြထားပါတယ်။ စစ်ပွဲနဲ့ ခွဲမရအောင်ချိတ်ဆက်နေတဲ့ စီးပွားရေးဆိုင်ရာ အကြောင်းအချက်တွေကိုတော့ ဒုတိယတပုဒ်မှာ ဖော်ပြပါမယ်။ တတိယတပုဒ်မှာတော့ စစ်ဆင်ရေးက မြန်မာ့အနာဂတ်အပေါ် သက်ရောက်ဖြစ်တန်ခြေတွေကို ပိုင်းခြားဆန်းစစ်သွားဖို့ရှိပါတယ်။

## ■ ဖြစ်ရပ်အချက်အလက်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာ မြောက်ပိုင်းညီနောင်မဟာမိတ်သုံးဖွဲ့က 'စစ်ဆင်ရေး ၁၀၂၇'[၁]ကို ပူးပေါင်းတပ်တွေနဲ့အတူ ဆင်နွှဲခဲ့ပြီး ချင်းရွှေဟော်မြို့အပါအဝင် တရုတ်-မြန်မာ နယ်စပ်က မြို့လေးမြို့နဲ့ သိန္နီမြို့ကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ နိုဝင်ဘာ ၈ ရက်အထိ စစ်ရေး အရ အချက်အခြာကျတဲ့ ဗျူဟာကုန်းတွေ၊ အခြေစိုက်စခန်းကြီးတွေ၊ ကာကင်းတွေနဲ့ ရှေ့တန်းတပ်စခန်း ၁၅၀ ခန့်အပြင် အနည်းဆုံး ရဲစခန်းငါးခုကို သိမ်းဆည်းခဲ့ပါတယ်။ ကွမ်း လုံအခြေစိုက် ခလရ ၁၄၃ တပ်ဖွဲ့ဝင်တွေ လက်နက်ချတာအပြင် စစ်ကောင်စီရဲ့ တင့်ကား ခြောက်စီး၊ စစ်သုံးယာဉ် လေးစီးနဲ့ ဟောင်ဝစ်ဇာ အနည်းဆုံး နှစ်လက်အပြင် ခဲယမ်း မီးကျောက်ထောင်ချီကိုလည်း သိမ်းယူခဲ့ပါတယ်။ တံတားနှစ်စင်းနဲ့ ပြည်ထောင်စုလမ်းမ လမ်းပိုင်းတချို့ပါဝင်တဲ့ ဆက်သွယ်ရေးလမ်းတွေ ဖြတ်တောက်ခဲ့ပါတယ်။ ညီနောင်မဟာ မိတ်သုံးဖွဲ့ရဲ့ ကြေညာချက်မှာ 'စစ်ဆင်ရေး ၁၀၂၇' လုပ်ရတဲ့ အဓိကရည်ရွယ်ချက်တွေကို ကြည့်ရင် ကျားဖြန့်အွန်လိုင်းလောင်းကစားလိမ်လည်မှုတွေ ပပျောက်ဖို့၊ မိမိတို့ဒေသကို မိမိ တို့ အခုထက်ပိုထိန်းချုပ်ဖို့နဲ့ မြန်မာပြည်သူတရပ်လုံးရဲ့ လိုလားချက်ဖြစ်တဲ့ စစ်အာဏာရှင် စနစ်အမြစ်ပြတ်ရေးဆိုပြီး ဖော်ပြပါတယ်။

## ■ ကနဦးသုံးသပ်ချက်

ရှမ်းမြောက်ဒေသ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ သမိုင်းကို လေ့လာကြည့်ရင် အိမ်နီးချင်း တရုတ်နိုင်ငံရဲ့အကျိုးစီးပွား တဆစ်ချိုးချိန်၊ အသံကျယ်လောင်လာချိန်တွေမှာ မြန်မာပြည် တွင်းက ပဋိပက္ခဇာတ်ကောင်တွေက ဒါကို အခွင့်အရေးအဖြစ် ဆုပ်ကိုင်အသုံးချနိုင်ရင် အပြောင်းအလဲတွေ ကြီးကြီးမားမား ဖြစ်ထွန်းမြန်ဆန်တတ်ပါတယ်။ တနည်းအားဖြင့် တရုတ်နိုင်ငံရဲ့ အကျိုးစီးပွား သံပူချိန်မှာ မြန်မာပဋိပက္ခဇာတ်ကောင်တွေက တူနဲ့ အံကျနက် နိုင်ရင် အပြောင်းအလဲတွေဟာ ကြီးမား မြန်ဆန်တတ်ပါတယ်။ မြန်မာ့ပဋိပက္ခဇာတ်ဆောင် ဆိုရာမှာ နိုင်ငံ့အာဏာ လက်ကိုင်ယူထားတဲ့ အင်အားစုရော၊ နိုင်ငံ့အာဏာကို (တစိတ်တ ဒေသ၊ ဝါ အပြည့်အဝ) ရယူဖို့ စိန်ခေါ်အန်တုသူ အင်အားစုရောပါ ရည်ညွှန်းပါတယ်။


---

[၁] 'စစ်ဆင်ရေး ၁၀၂၇'တွင် ညီနောင်မဟာမိတ်သုံးဖွဲ့နှင့်အတူ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ PDF (MDY) နှင့် မိုးကုတ်ဗျူဟာ (PDF) တို့လည်း ပါဝင် တိုက်ခိုက်ခဲ့ကြသည်။

## 'စစ်ဆင်ရေး ၁၀၂၇' ဆက်စပ်အခြေအနေ

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ)

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် မြောက်ပိုင်းညီနောင်မဟာမိတ်သုံးဖွဲ့က 'စစ်ဆင်ရေး ၁၀၂၇'ကို ဆင်နွှဲခဲ့ပြီး ချင်းရွှေဟော်မြို့အပါအဝင် တရုတ်-မြန်မာ နယ်စပ်ရှိ မြို့လေးမြို့နှင့် သီနီမြို့ကို ထိန်းချုပ်နိုင်ခဲ့သည်။ နိုဝင်ဘာ ၈ ရက်အထိ စစ်ရေးအရ အချက်အခြာကျသည့် ဗျူဟာကုန်းများ၊ အခြေစိုက်စခန်းကြီးများ၊ ကာကင်းများနှင့် ရှေ့တန်းတပ်စခန်းများ ၁၅၀ ခန့်အပြင် ရဲစခန်းအနည်းဆုံး ငါးခုကို သိမ်းဆည်းခဲ့သည်။ ယခုညွှန်းပြမြေပုံတွင် တွေ့ရှိရသည့်အတိုင်း 'စစ်ဆင်ရေး ၁၀၂၇'၏ အဓိကကျသော စစ်ဆင်ရေးဦးတည်ရာသည် လောက်ကိုင်မြို့ကို ပြန်လည်သိမ်းပိုက်ရေးဖြစ်ပြီး စစ်ကောင်စီ စစ်ကူလာရောက်နိုင်သော နေရာအားလုံးကို ဖြတ်တောက်တိုက်ခိုက် သိမ်းယူထားပါသည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကွတ်ခိုင်-တာမိုးညဲ-မုံးစီးဒေသနှင့် ကိုးကန့်ဒေသရှိ လောက်ကိုင်မြို့နယ်ကို ဆက်သွယ်ပေးထားသည့် တာပါးကြိုးတံတားကို ထပ်မံသိမ်းယူလိုက်ရာ လောက်ကိုင်မြို့သည် ရှမ်းပြည်နယ်ရှိ အခြားမြို့များနှင့် လမ်းပိုင်းအဆက်အသွယ် ဖြတ်တောက်ခံလိုက်ရပြီး ပိတ်ဆို့ခံလိုက်ရသည့် အနေအထားဖြစ်သည်။ နိုဝင်ဘာ ၉ ရက်တွင် မဟာမိတ်တပ်များက လောက်ကိုင်နှင့် ကွမ်းလုံကို မြို့သိမ်းတိုက်ပွဲစစ်ဆင်ရေး ဆက်လက်လုပ်ဆောင်နေသည်ဟု ကြေညာထားသည်။




မှတ်ချက် - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြား EAOs များ ထိန်းချုပ်လှုပ်ရှားသည့် နယ်မြေများရှိသော်လည်း ယခုမြေပုံတွင် ညီနောင်မဟာမိတ်သုံးဖွဲ့၏ ထိန်းချုပ်နယ်မြေကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။

ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ရေးနယ်များသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

ဥပမာ ၁၉၈၈-၈၉ ခုနှစ် ကိုးကန့်နဲ့ 'ဝ'တပ်ဖွဲ့ဝင်တွေက ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)ကို ပုန်ကန်ပြီး အာဏာသိမ်းချိန်မှာ ဈေးကွက်စီးပွားရေး၊ ကုန်သွယ်ရေးတွေကို စမ်းသပ်အောင်မြင်တဲ့ တိန့်ရှောင်ဖိန်ရဲ့တရုတ်နိုင်ငံက ဗကပခေါင်းဆောင်တွေအပေါ် မျှော်လင့်ချက်မထား၊ ကျောထောက်နောက်ခံ ဆက်မပေးတော့ဘဲ ပုန်ကန်မှုကို လက်ခံ အသိအမှတ်ပြုလိုက်ပါတယ်။ ဒီလိုတရုတ်နိုင်ငံရဲ့ အကျိုးစီးပွားစဉ်းစားပုံ တဆစ်ချိုးသွားတာကို အခွင့်အရေးအဖြစ် ဆုပ်ကိုင်အသုံးချခဲ့တာက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) စစ်အစိုးရရဲ့ ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးချုပ် ခင်ညွန့်ဖြစ်ပါတယ်။ အဲဒီကာလမှာ ဗကပက ခွဲထွက်လာတဲ့ ကိုးကန့်၊ 'ဝ' စတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်တွေကို မြန်မာ့သမိုင်းမှာ တခါမှမရှိဖူးသေးတဲ့ အပစ်အခတ်ရပ်စဲရေးအစီအမံ ကမ်းလှမ်းပြီး အကောင်အထည် ဖော်ခဲ့ပါတယ်။ ရှမ်းမြောက်ကအဖွဲ့တွေ လက်နက်ကို ဆက်ကိုင်ထား၊ ကိုယ့်နယ်မြေတိုးတက်ရေးအတွက် စစ်အစိုးရနဲ့တွဲလုပ်၊ မူးယစ်ဆေးအပါအဝင် စီးပွားရေးပေါင်းစုံလုပ်၊ ငွေကြေး ခဝါချခွင့်ပြု စတဲ့ အပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ် (Ceasefire Crony Capitalism) ကို အသက်သွင်းခဲ့ပါတယ်။ ဒါဟာ ရှမ်းမြောက်ဒေသတင်မက တတိုင်းပြည်လုံးရဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကိုပါ ပုံစံပြောင်းလဲစေခဲ့ပါတယ်။


ရက္ခိုင့်တပ်တော် (AA) ရဲ့ကြီးထွားလာပုံကိုလည်း အလားတူရှုထောင့်ကနေ နားလည်နိုင်ပါတယ်။ ၂၀၁၀-၁၁ နှစ် မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှုနောက်ပိုင်း၊ အထူးသဖြင့် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာဘီလီယံနဲ့ချီ ရင်းနှီးမြှုပ်နှံထားတဲ့ မြစ်ဆုံဆည်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလမှာ ရပ်တန့်ပြီးနောက်ပိုင်း၊ အနောက်နိုင်ငံတွေနဲ့ ပိုအကျွမ်းတဝင်ဖြစ်လာတဲ့ ဦးသိန်းစိန်အစိုးရလက်ထက် တရုတ်အစိုးရရဲ့ စိုးရိမ်ပူပန်မှုနဲ့ ဆက်စပ်ပါတယ်။ တရုတ်အစိုးရဟာ သူ့ရဲ့ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်အပေါ် အခြေခံထားတဲ့ ရခိုင်ပြည်နယ်က ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတဲ့ စီးပွားရေးအပြင် ကျန်လုံခြုံရေးရာတွေအတွက် ရှမ်းမြောက်အပြင် ရခိုင်ဒေသကိုပါ တရုတ်အကျိုးစီးပွား ဆက်စပ်ဒေသအဖြစ် ရှုမြင်လာတာပါ။ ဒါကို အခွင့်အရေးအဖြစ် ဆုပ်ကိုင်အသုံးချနိုင်ခဲ့တဲ့ ပဋိပက္ခဇာတ်ကောင်က ရက္ခိုင့်တပ်တော် (AA) နဲ့ ဦးဆောင်သူ ဗိုလ်ချုပ်ထွန်းမြတ်နိုင်ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ စတည်ထောင်ခါစက ၂၆ ဦးသာရှိတဲ့ အခြေအနေကနေ ၂၀၁၁ ခုနှစ် မြစ်ဆုံဖြစ်စဉ်နောက်ပိုင်း၊ အထူးသဖြင့် ၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်ကို ပြန်အခြေချနိုင်တဲ့နောက် ရက္ခိုင့်တပ်တော် (AA) မှာ တပ်ဖွဲ့ဝင် ထောင်သောင်းချီလာပြီး တိုင်းရင်းသားလက်နက်ကိုင် (EAOs) တွေထဲမှာ 'ဝ' တပ်ဖွဲ့ ပြီးရင် ဒုတိယအကြီးဆုံးတပ်အဖြစ် ကြီးထွားလာပုံကိုကြည့်ရင် မြင်သာပါတယ်။

အခု ကိုးကန့်ကို အဓိကဝန်းရံတဲ့ ညီနောင်မဟာမိတ်တွေရဲ့ 'စစ်ဆင်ရေး ၁၀၂၇'ကို ကြည့်ရင်လည်း ကျားဖြန့် အွန်လိုင်းလောင်းကစား လိမ်လည်မှုကိစ္စဟာ တရုတ်နိုင်ငံသားတွေ ထောင်နဲ့ချီ သားကောင်ဖြစ်နေရလို့ တရုတ်နိုင်ငံအတွက် လုံးဝ လက်ခံနိုင်စရာ မရှိလောက်အောင်၊ တရုတ်ပြည်သူတွေအကြားမှာလည်း ရေပန်းစားတဲ့ ရုပ်ရှင်ရိုက်ကူးမှုတွေကစလို့ ဝေဖန်မှုတွေများနေတဲ့ လတ်တလောကာလ ငယ်ထိပ်မီးလောင်ပြဿနာကြီး ဖြစ်ပါတယ်။ စစ်ကောင်စီဘက်ကို တရုတ်နိုင်ငံက အကြိမ်ကြိမ်ပြောနေပေမဲ့ အရိပ်သုံးပါး နားလည်ပုံမရတဲ့ စစ်ကောင်စီဟာ ပြဿနာကို ကြက်မွေးနဲ့သပ်ချသလို ကိုင်တွယ်ခဲ့တာပါ။ ဒါ့အပြင် လက်ရှိ ကိုးကန့်ခေါင်းဆောင် ပယ်စောက်ချိန်ကို ဒီကိစ္စကိုင်တွယ်ဖို့ တရုတ်အစိုးရဘက်က အချိန်ပေးခဲ့ပေမဲ့ ဘာမှ ရလဒ်မထွက်တဲ့အပြင် အောက်တိုဘာ ၂၀ ရက်က ကိုးကန့်မှာ ▸

## ■ စစ်ဆင်ရေး ၁၀၂၇ အတွင်း ရှမ်းပြည်နယ်၌ တိုက်ပွဲ ၂၅ ရာခိုင်နှုန်းနီးပါး မြင့်တက်

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ)

စစ်အာဏာသိမ်းမှုအလွန် နှစ်နှစ်ခွဲကျော်ကာလအတွင်း ရှမ်းပြည်နယ်အနှံ့ လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲပေါင်း **၆၆၆ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများ၏ ထက်ဝက်ကျော်ခန့်သည် စစ်ကောင်စီနှင့် ညီနောင်မဟာမိတ်သုံးဖွဲ့တို့အကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ 'စစ်ဆင်ရေး ၁၀၂၇' စတင်ခဲ့ပြီးနောက်ပိုင်း ယခုလ ၇ ရက်အထိ တပတ်ကျော်ကာလအတွင်း စစ်ကောင်စီနှင့် ညီနောင်မဟာမိတ်သုံးဖွဲ့တို့အကြား **တိုက်ပွဲပေါင်း ၁၆၂ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့သည်။ အဆိုပါပမာဏသည် နှစ်နှစ်ခွဲကျော်ကာလအတွင်း ရှမ်းပြည်နယ်တဝန်း ဖြစ်ပွားခဲ့သော တိုက်ပွဲစုစုပေါင်း၏ **၂၅ ရာခိုင်နှုန်းနီးပါး**ဖြစ်သည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

အရပ်သားအသွင်ယူ တရုတ်ထောက်လှမ်းရေးတွေ၊ ရဲတွေအပါအဝင် တရုတ်နိုင်ငံသား ၆၀ လောက် အသတ်ခံရတဲ့အထိ အခြေအနေတွေ ဆိုးခဲ့ပါတယ်။ ပယ်စောက်ချိန်ဟာ တရုတ်နိုင်ငံရဲ့ သတိပေးချက်ထက် စစ်ကောင်စီဉက္ကဋ္ဌနဲ့ နိုင်ငံရေး၊ စီးပွားရေးတွေမှာ ပိုလုံးထွေးနေတာက တရုတ်အစိုးရရဲ့ခံနိုင်စွမ်းကို စိန်ခေါ်သလိုဖြစ်ခဲ့ပါတယ်။ တခါ 'ဝ' နဲ့ပတ်သက်ရင်လည်း တရုတ်နိုင်ငံဘက်က လက်ရှိခေါင်းဆောင်မှု၊ မျိုးဆက်ဆက်ခံမှုနဲ့ မျိုးဆက်သစ် 'ဝ' ခေါင်းဆောင်ပိုင်းတွေအကြား 'ဝ'အမျိုးသားရေးစိတ်ဓာတ်တွေ အားကောင်းလာပြီး 'တရုတ်စကားနားထောင်မှု အားနည်းသွားနိုင်တယ်'ဆိုတဲ့ အခြေအနေမျိုး ဖြစ်လာတာကို သဘောကျပုံ မရပါဘူး။ ဒါကြောင့် တရုတ်နိုင်ငံဘက်က ကိုးကန့်ခေါင်းဆောင်တွေကိုဖမ်း၊ 'ဝ' ခေါင်းဆောင်ပိုင်းကို ဖမ်းတာဖမ်း၊ ဝရမ်းထုတ်တာထုတ် စသဖြင့် ကိုယ်တိုင် ဝင်ကိုင်တွယ်လာနေတာပါ။ ကျားဖြန့်ကိစ္စကို အကြောင်းပြုပြီး 'ဝ'ထိပ်ပိုင်းအထိကို လှုပ်ခါမှုတချို့ လုပ်လာတာတွေ့ရပါတယ်။ ကျားဖြန့်ကိစ္စမှာ ကိုးကန့်နဲ့ 'ဝ'ကိုသာ ပစ်မှတ်ထားပြီး မိုင်းလားကို သိပ်မထိသလောက်ဖြစ်နေတာကလည်း သတိပြုစရာပါ။ မိုင်းလားဟာ တရုတ်အစိုးရအားကိုးရတဲ့ အခြေအနေမှာ ရှိနေသေးတယ်ဆိုတဲ့ ယူဆချက်မျိုးလည်းရှိပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ကြည့်မယ်ဆိုရင် ကျားဖြန့်ကိစ္စဟာ လတ်တလောပြဿနာဖြစ်ပြီး ရေရှည်မှာတော့ တရုတ်အစိုးရက ရှမ်းမြောက်ဒေသမှာ အာဏာချိန်ခွင်လျှာ အပြောင်းအလဲ၊ ခေါင်းဆောင်မှုအပြောင်းအလဲ ပြန်လုပ်တာ (Power Reconfiguration) လို့ အနုမာနလုပ်ကြည့်နိုင်ပါတယ်။ ရေတိုကိစ္စဖြစ်တဲ့ ကျားဖြန့်နဲ့ပါတွဲရင် တချက်ခုတ်နှစ်ချက်ပြတ်လို့ နားလည်နိုင်ပါတယ်။ ဒီရေတိုရေရှည် အဆက်အစပ်ကို သုံးသပ်ရာမှာ လုံခြုံရေးကိစ္စတခုတင်မက ခွဲမရအောင် ချိတ်ဆက်နေတဲ့ စီးပွားရေးကိစ္စကိုပါ ထည့်သွင်းစဉ်းစားရမှာပါ**(ISP-Myanmar က ဆက်လက်ဖော်ပြမည့် ISP OnPoint အမှတ်-၁၈ ကို စောင့်မျှော်ဖတ်ရှုပါရန်)**။

တရုတ်အစိုးရက ရှမ်းမြောက်ဒေသမှာ အာဏာချိန်ခွင်လျှာ အပြောင်းအလဲ၊ ခေါင်းဆောင်မှုအပြောင်းအလဲ ပြန်လုပ်တာ (Power Reconfiguration) ကို သေချာဆစ်ပိုင်းသုံးသပ်မယ်ဆိုရင် (၁) ကိုးကန့်မှာ ပယ်စောက်ချိန်နဲ့ လက်ရှိခေါင်းဆောင်မှုကိုဖယ်ပြီး လူသစ်လဲကစားတာ၊ (၂) 'ဝ' အမျိုးသားရေး ဦးထောင်လာနေတဲ့ နောက်ခံအခြေအနေမှာ ကျားဖြန့်ကိစ္စနဲ့ ဆက်စပ်ပြီး 'ဝ'ကိုပါ ရှောင်ရန်-ဆောင်ရန် သတင်းပါးတာ၊ (၃) သံလွင်အရှေ့ခြမ်းမှာ လူဦးရေကအစ စီးပွားရေးအဆုံး တရုတ်အကျိုးစီးပွားခိုင်မြဲအောင် တည်ဆောက်တာ စသဖြင့် နားလည်ကြည့်နိုင်ပါတယ်။ ပြန်ချုပ်ရရင် ဒီကိုးကန့်တိုက်ပွဲမှာ တရုတ်အာဂျင်ဒါနဲ့ ကိုးကန့် MNDAA ရဲ့ လောက်ကိုင်ကိုပြန်သိမ်းပိုက်ရေး အကျိုးစီးပွားဆုံချက်ကျတဲ့ မဟာဗျူဟာစဉ်းစားချက် (Strategic Agenda) က စစ်ဆင်ရေးရဲ့ အဓိကရည်မှန်းချက် ပိုဖြစ်နိုင်ပြီး စစ်ကောင်စီကို အပြုတ်တိုက်ချေမှုန်းသွားမည် စတဲ့ ကြွေးကြော်သံတွေက နည်းနာအရ


- ထောက်ခံမှုရအောင် ကျင်ကျင်လည်လည် အာဘော်ဖန်တီးပုံဖော်တာ (Tactical Cover) မျိုး ပိုဖြစ်ဖွယ်ရှိပါတယ်။

'စစ်ဆင်ရေး ၁၀၂၇'မှာ တရုတ်အစိုးရရဲ့ ခွင့်ပြုချက်ပါနိုင်ပေမဲ့ မြန်မာပဋိပက္ခ ဇာတ်ကောင်တွေကလည်း အပြုခံ၊ အပြဌာန်းခံသက်သက် မဟုတ်ကြဘူးဆိုတာ သတိပြုရပါမယ်။ မြန်မာ့ပဋိပက္ခဇာတ်ကောင်တွေဟာ ပြုသူ၊ ဖန်တီးဖောက်ထွက်နိုင်စွမ်း (Agency) ရှိသူတွေ ဆိုတာကို ၁၉၈၉ ခုနှစ်မှာ ဗိုလ်မှူးချုပ် ခင်ညွန့် အစီအမံချပုံကစလို့ ၂၀၁၁ ခုနှစ် နောက်ပိုင်း ဗိုလ်ချုပ် ထွန်းမြတ်နိုင်ရဲ့ဗျူဟာမြောက်ကျင်လည်မှုအလယ် အခုညီနောင်မဟာမိတ်တွေရဲ့ စစ်ဆင်ရေးလှုပ်ရှားမှုအဆုံး အခွင့်အရေး ဆုပ်ကိုင်နိုင်စွမ်း၊ လိုရာဘက်ကို ဆွဲတွန်းနိုင်၊ အကျိုးရလဒ်ရယူနိုင်စွမ်းတွေကို ကြည့်ရင် သိနိုင်ပါတယ်။

## ■ နိုင်ငံတဝန်း တိုက်ပွဲပေါင်း ၁၁,၀၀၀ ထက်မနည်းဖြစ်ပွား

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်အထိ)

အာဏာသိမ်းမှုအလွန် နှစ်နှစ်ခွဲကျော်ကာလအတွင်း နိုင်ငံတဝန်း လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲပေါင်း **၁၁,၄၆၈ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့သည်။ ၂၀၂၃ ခုနှစ် ၁၀ လကျော်ကာလအတွင်း နိုင်ငံအနှံ့ တိုက်ပွဲပေါင်း **၃,၁၆၁ ကြိမ်ထက်မနည်း**ဖြစ်ပွားခဲ့ပြီး **၄၄ ရာခိုင်နှုန်းကျော်**သည် EAOs၊ ဒေသခံကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် **၄၀ ရာခိုင်နှုန်းကျော်**သည် စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ညီနောင်မဟာမိတ်သုံးဖွဲ့၏ 'စစ်ဆင်ရေး ၁၀၂၇' စတင်ပြီး တပတ်ကျော်ကာလအတွင်း စစ်ကောင်စီနှင့် EAOs များအကြား တိုက်ပွဲဖြစ်မှု **၁၆၉ ကြိမ်ထက်မနည်း** ရှိခဲ့သည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။
အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုမိုများပြားနိုင်ပါသည်။

လက်ရှိမှာတော့ 'စစ်ဆင်ရေး ၁၀၂၇' ပဋိပက္ခဟာ မြို့နယ် ၁၁ ခုထက်မနည်းမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေပေမဲ့ အဓိကကျတဲ့ စစ်ဆင်ရေးဦးတည်ရာက လောက်ကိုင်မြို့ကို ပြန်လည်သိမ်းပိုက်ရေးဖြစ်ပြီး ကျန်တာတွေက စစ်ကောင်စီဘက်က စစ်ကူနဲ့ ထောက်ပို့လမ်းကြောင်းတွေကို ဖြတ်တောက်ရေးအတွက် ရည်ရွယ်တာ တွေ့နိုင်ပါတယ် (ISP Mapping အမှတ်-၂၂ ကို ရှုပါ)။

## ■ ဖြစ်တန်ခြေအကဲဖြတ်ချက်

'စစ်ဆင်ရေး ၁၀၂၇'က အခုထက်ပိုပြီး ရည်ရွယ်ချက်အရရော၊ နည်းဗျူဟာအရရော၊ ခံယူချက်အရပါ စစ်မျက်နှာကျယ်လာမလား၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ကြွေးကြော်မှုတခုဖြစ်တဲ့ လမ်းများအားလုံး နေပြည်တော်ကို ဦးတည်သွားမလားဆိုတာကတော့ ဒီစစ်ပွဲရဲ့ အချက်ပေးနေပုံ (Signaling Effects) တွေကို ဆန်းစစ်ရမှာ ဖြစ်ပါတယ်။

ပထမက ဒီစစ်ဆင်ရေးဟာ မြန်မာစစ်တပ်ကို ဘာမက်ဆေ့ချ်အချက်ပေးနေသလဲ။ စစ်တပ်ဟာ လူထုထောက်ခံမှု လုံးဝမရှိသလောက်ဖြစ်သွားပြီ၊ ရုပ်ဝတ္ထုပိုင်း သာလွန်ပေမဲ့ သတင်းအချက်အလက်နဲ့ စိတ်ဓာတ်ပိုင်း အရမ်းအားနည်းသွားပြီ၊ ခေါင်းဆောင်ပိုင်းဟာ စစ်တပ်ကို ဒီအကျပ်အတည်းကနေ ထွက်ပေါက်ရအောင် လုပ်မပေးနိုင်တော့ဘူးလား စတာတွေကို စစ်တပ်အရာရှိတွေ၊ တပ်သားတွေ ဘယ်လိုဖြေမလဲဆိုတာ မေးခွန်းထုတ် အချက်ပေးနေပါတယ်။ အပြင်ဖိအားနဲ့အတူ အတွင်းလှိုက်ပြိုဆင်းခြင်း ရှိ၊ မရှိဆိုတာက စစ်မျက်နှာ ကျယ်၊ မကျယ်ကို ဆုံးဖြတ်နိုင်ပါတယ်။

ဒုတိယက နိုင်ငံ့အာဏာကို စိန်ခေါ်ရယူလိုတဲ့ ကျန်လက်နက်ကိုင် အင်အားစုအသီးသီးကိုလည်း အချက်ပေးပါတယ်။ တပ်ပြိုနေပြီလား၊ ဒီအချိန်မှာ အားကုန်ဝင်အောဖို့ အကောင်းဆုံးလား၊ အကျိုးအပြစ်တွက်ချက်ဖို့အချက်ပေးနေတာပါပဲ။ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) အပါအဝင် တော်လှန်ရေးထဲမှာပါနေတဲ့ NUG ရဲ့ တပ်ဖွဲ့တွေ၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) နဲ့ ဒေသကာကွယ်ရေးတပ် (LDF) တွေကတော့ အားကုန်ထည့်ပြီး စစ်ကိုင်းနဲ့ ကျန်ဒေသတွေမှာ ချိန်သားကိုက် တိုက်ပွဲဆင်လာကြသလို၊ ကရင်နီက တော်လှန်ရေး EAOs တွေကလည်း '၁၁၀၇ စစ်ဆင်ရေး'ဆိုပြီး ချိန်သားကိုက် ထိုးစစ်တွေ ဆင်လာကြပါတယ်။ ဒါပေမဲ့ ညီနောင်မဟာမိတ်ထဲက တဖွဲ့ဖြစ်တဲ့ ရက္ခိုင့်တပ်တော် (AA) ကတော့ ရခိုင်မှာ စစ်ကောင်စီနဲ့ ရယူထားတဲ့ အပစ်အခတ် ရပ်စဲရေးကိုဖျက်ပြီး သေနတ်ဖောက်တာမျိုး မလုပ် ▸

- သေးပါဘူး။ ဒီလို အင်အားကြီး EAOs တွေရဲ့ အတွက်အချက်ပေါ်မူတည်ပြီး စစ်ဘောင် ကျယ်မကျယ် သုံးသပ်နိုင်ပါတယ်။

တတိယအနေနဲ့ကတော့ ဒီစစ်ဆင်ရေးဟာ တိုင်းရင်းသား လက်နက်ကိုင်တွေ အချင်းချင်း အကြား သတိကြီးကြီးစောင့်ကြည့်နေဖို့ အချက်ပေးပါတယ်။ ဗမာလူငယ် တော်လှန်ရေး သမားတွေက စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးကို တချောင်းတည်းစိတ်နဲ့ တွန်းပြီးတိုက်ပွဲ ဝင်နေပေမဲ့ EAOs တွေ အချင်းချင်းအကြားမှာတော့ လူမျိုးပေါ်အခြေခံတဲ့ နယ်မြေဆိုင်ရာ အငြင်းပွားမှုတွေ၊ ချဲ့ထွင်လို့ တွန်းထိုးပွတ်တိုက်မှုတွေ၊ စစ်မက်ပဋိပက္ခတွေက သမိုင်းအတွေ့ အကြုံရှိပါတယ်။ လူအများသဘောခွေ့တဲ့အလံကို အရင်လွှင့်လိုက်နိုင်တဲ့အဖွဲ့က တော် လှန်ရေးအကြောင်းပြချက်နဲ့ အငြင်းပွားစရာ နယ်မြေတွေကို တက်သိမ်းခဲ့မယ်ဆိုရင် ကျန် EAOs တွေက ဘယ်လိုလက်ခံမှာလဲ၊ တုံ့ပြန်မှာလဲဆိုတာ အရေးကြီးလာပါတယ်။ ဒီအချက် ကလည်း စစ်ဘောင်ဟာ ဘယ်လိုပုံစံနဲ့ ကျယ်လာမှာလဲ ဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်။

စတုတ္ထကတော့ ဒီစစ်ဆင်ရေးဟာ ကြာလာတာနဲ့အမျှ မြို့ပြနေအရပ်သားပြည်သူတွေကို စစ်ပြင်ကြရတော့မှာလားဆိုတဲ့ အချက်ပေးမှုမျိုးကို ဖြစ်စေနိုင်ပါတယ်။ တချို့မြို့ကြီးတွေမှာ မြို့ပြယူဂျီတွေရဲ့ တိုက်ပွဲဖော်မှုတွေကြောင့် မြို့ပြနေအရပ်သားတွေပါ ရရာလက်နက်ကိုင်စွဲ ပြီး အင်နဲ့အားနဲ့ ပါဝင်လာကြတဲ့ မြို့ပြလက်နက်ကိုင်အုံကြွမှု၊ မြို့တွင်းတိုက်ပွဲတွေကို ကြုံရ တာမျိုးကလည်း မဖြစ်ဘူးမပြောနိုင်တော့မယ့် စစ်ဘောင်ကျယ်နိုင်ခြေ ပုံစံတခုပါပဲ။

နောက်ဆုံးကတော့ ဒီစစ်ဆင်ရေးဟာ တရုတ်နိုင်ငံအပါအဝင် ကျန် အိမ်နီးချင်းတွေကို အချက်ပေးတာမျိုး ဖြစ်နိုင်ပါတယ်။ အထူးသဖြင့် အိမ်နီးချင်းမဟုတ်တဲ့နိုင်ငံတွေ (ရုရှားနဲ့ အမေရိကန်ပြည်ထောင်စုလိုမျိုး)က ပုံစံအသီးသီးနဲ့ ဝင်ပါလာတယ်လို့ ရှုမြင်လာရင် စစ် ဘောင်ဟာ ပထဝီနိုင်ငံရေးအရ ကျယ်ပြန့်ရှုပ်ထွေးသွားနိုင်ပါတယ်။ သေချာတာတခုက ညီ နောင်သုံးဖွဲ့ဟာ ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်ကွယ်လွန်ခြင်း နှစ်ပတ်လည်ကာလ ၂၀၂၄ ဖေဖော်ဝါရီလအထိတော့ လောက်ကိုင်ကို မရရအောင် ပြန်တိုက်ယူဖို့ ရည်ရွယ်ထား ပုံပေါက်ပါတယ်။ မြန်မာစစ်တပ်အနေနဲ့ ဒါကို (တရုတ်လိုနိုင်ငံမျိုးရဲ့ ကြားဝင်မှုနဲ့) စေ့စပ် ကျေအေး လက်ခံလိုက်မလား၊ ဒါမှမဟုတ် အရင်းအနှီးကြီးကြီးနဲ့ တန်ပြန်စစ်ဆင်ရေးတွေ တိုးလုပ် စစ်သက်ရှည်စေမလားဆိုတာ စောင့်ကြည့်ရမှာပါ။ စစ်ငွေ့သန်းတဲ့လမ်းများအား လုံးဟာ လောက်ကိုင်ကိုပဲ ဦးတည်မလား၊ နေပြည်တော်အထိ ဦးတည်သွားမလားဆိုတာ 'စစ်ဆင်ရေး ၁၀၂၇'ရဲ့ အချက်ပေးနေပုံ (Signaling Effects) ကို အသေအချာ သုတေသန လုပ်ကြည့်ကြရမှာ ဖြစ်ပါတယ်။ ■

## မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) သမိုင်းနှင့် ဆက်စပ်အခြေအနေများ

(၁၉၈၉ ခုနှစ် မတ် ၁၂ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်အထိ)

**၁၉၈၉ ခုနှစ် မတ် ၁၂**

ဖုန်ကြားရှင်ဦးဆောင်သည့် ကိုးကန့်တပ်ဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ပြီး မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ကို တည်ထောင်ခဲ့သည်။

**၁၉၈၉ ခုနှစ် မတ် ၃၁**

ဖုန်ကြားရှင်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ အစိုးရ)ကြား သဘောတူစာချုပ်များချုပ်ဆိုပြီး ကိုးကန့်ဒေသကို အထူးဒေသ(၁)အဖြစ် စတင်တည်ထောင်ခဲ့သည်။ ထိုစဉ်က ဖုန်ကြားရှင်ဦးဆောင်သည့် တပ်ဖွဲ့သည် စစ်သည်အင်အား ၂,၇၀၆ ဦး၊ လက်နက်အင်အား ၁,၃၄၅ လက်ဖြင့် ဒေသကို စတင်အုပ်ချုပ်ခဲ့သည်။ MNDAA ၏ အုပ်ချုပ်ရေးယန္တရား ဖြန့်ကြက်မှုအောက်တွင် သံလွင်မြစ်အရှေ့ခြမ်းရှိ ကိုးကန့်ဒေသအပြင် ကချင်လူမျိုးအများစုနေထိုင်သည့် သံလွင်မြစ်အနောက်ဘက်ခြမ်းမှ မုန်းကိုးဒေသလည်း ပါဝင်ခဲ့သည်။

**၁၉၉၂ ခုနှစ် နိုဝင်ဘာ ၂၉**

ကိုးကန့်တပ်ဖွဲ့အတွင်း ဖုန်ကြားရှင်ဦးဆောင်သည့် ဖုန်မျိုးနွယ်နှင့် ရန်မိုးလျန်ဦးဆောင်သည့် ရန်မျိုးနွယ်ကြား အားပြိုင်မှုများရှိလာပြီး ဒေသတွင်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ရှိခဲ့သည်။ 'ဝ'ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)သည် ရန်မျိုးနွယ်စုဘက်မှ ပါဝင်တိုက်ခိုက်ခဲ့သည်။ ဖုန်မျိုးနွယ်ဦးဆောင်သည့်တပ်ဖွဲ့ ဒေသမှ စွန့်ခွာခဲ့ရသည်။

**၁၉၉၄ ခုနှစ်**

ရန်မိုးလျန်၏ညီ ရန်မူကျန်းကို မူးယစ်ရာဇာအဖြစ် တရုတ်အာဏာပိုင်များက ဖမ်းဆီးပြီး တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကွပ်မျက်ခဲ့သည်။ ထိုအချိန်တွင် တရုတ်နိုင်ငံ၏ ကျောထောက်နောက်ခံပြုမှု မေးမှိန်ပြီး အုပ်ချုပ်ရေးပိုင်း၌ အကျပ်အတည်းဆိုက်ခဲ့သည်။ ဖုန်-ရန် ပဋိပက္ခဖြစ်ပွားနေချိန်ကာလအတွင်း စစ်အစိုးရ၏တပ်များသည် ကိုးကန့်ဒေသတွင်း ကြားဝင်စေ့စပ်သည်ဟူသည့်ခေါင်းစဉ်ဖြင့် ဝင်ရောက်အခြေစိုက်မှု စတင်ခဲ့သည်။

**၁၉၉၅ ခုနှစ်**

ရန်မျိုးနွယ်ဦးဆောင်သည့် တပ်ဖွဲ့သည် စစ်အစိုးရထံတွင် လက်နက်အပ်ခဲ့သည်။ ဖုန်ကြားရှင် ဦးဆောင်သည့်တပ်ဖွဲ့က ကိုးကန့်ဒေသ၏အာဏာကို ပြန်လည်ရရှိခဲ့သည်။ ကချင်လူမျိုး ဦးမှန်ဆာလဦးဆောင်သည့်တပ်ဖွဲ့က ကိုးကန့်တပ်မှ ခွဲထွက်ပြီး သံလွင်မြစ်အနောက်ဘက်ခြမ်းရှိ ဖောင်းဆိုင်ဒေသ၊ မုန်းကိုးဒေသ၊ မုန်းဟောင်နှင့် မုန်းယားဒေသတို့၌ အခြေစိုက်သည့် မုန်းကိုးဒေသကာကွယ်ရေးတပ် (MDA) ကို တည်ထောင်ခဲ့သည်။


**၂၀၀၀ ပြည့်နှစ်**

MDA ခေါင်းဆောင်များဖြစ်သည့် ဦးမှန်ဆာလနှင့် ဦးဇော်လကို စစ်အစိုးရက အစည်းအဝေးခေါ်ယူကာ မူးယစ်ဆေးဝါးလုပ်သည်ဟူ၍ ဖမ်းဆီးပြီး ရခိုင်ပြည်နယ် မောင်တောအကျဉ်းထောင်တွင် အကျဉ်းချထားခဲ့သည်။ MDA တပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံခဲ့ရပြီး အဖွဲ့လည်း ပြိုကွဲသွားခဲ့ရာ စစ်အစိုးရက မုန်းကိုးဒေသ၊ ဖောင်းဆိုင်ဒေသ၊ မုန်းဟောင်နှင့် မုန်းယားဒေသကို ထိန်းချုပ်ခဲ့သည်။ သို့သော် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကလည်း ထိုဒေသတွင်း ဝင်ရောက်အခြေစိုက် လှုပ်ရှားခဲ့သည်။

၁၉၈၉ ၁၉၉၀ ၁၉၉၁ ၁၉၉၂ ၁၉၉၃ ၁၉၉၄ ၁၉၉၅ ၁၉၉၆ ၁၉၉၇ ၁၉၉၈ ၁၉၉၉ ၂၀၀၀ ၂၀၀၁ ၂၀၀၂ ၂၀၀၃ ၂၀၀၄ ၂၀၀၅



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်။



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး သန်းရွှေနှင့် အတွင်းရေးမှူး-၁ ဗိုလ်ချုပ် ခင်ညွန့်တို့က ဖုန်ကြားရှင် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များအား နှုတ်ဆက်စဉ်။

ဓာတ်ပုံ-မြန်မာနိုင်ငံ တိုင်းကျိုးပြည်ပြု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဆောင်ရွက်ချက် သမိုင်းဝင်မှတ်တမ်း (၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်) စာအုပ်မှ။

# ISP TIMELINE

## MNDAA သမိုင်းနှင့် ဆက်စပ်အခြေအနေများ

နိုဝင်ဘာ ၁၀ ရက်၊ ၂၀၂၃ ခုနှစ်

**၂၀၀၉ ခုနှစ် ဩဂုတ် ၈**
အထူးဒေသ(၁)၏ ခေါင်းဆောင် ဖုန်ကြားရှင်ကို မူးယစ်ဆေးနှင့် တရားမဝင် လက်နက်စက်ရုံကိစ္စများ စွပ်စွဲချက်ဖြင့် စစ်အစိုးရတပ်က ဖုန်ကြားရှင်၏နေအိမ်ကို စီးနင်းတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်ခံရမှုတွင် ကိုးကန့်တပ်ဖွဲ့ထဲမှ ပယ်စောက်ချိန် ဦးဆောင်သည့် တပ်ဖွဲ့သည် စစ်အစိုးရနှင့် ပူးပေါင်းခဲ့သည်။ ဖုန်ကြားရှင်မိသားစုနှင့် တပ်ဖွဲ့သည် ကိုးကန့်ဒေသမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ ထိုဖြစ်စဉ်ကို ဖုန်မျိုးနွယ်ဘက်က 'ဩဂုတ် ၈ အရေးအခင်း'ဟု သတ်မှတ်ထားသည်။

**၂၀၀၉ ခုနှစ် ဩဂုတ် ၂၅**
စစ်အစိုးရနှင့်အတူ ကိုးကန့်ဒေသတွင်း ကျန်နေခဲ့သည့် ပယ်စောက်ချိန် ဦးဆောင်သည့် တပ်ဖွဲ့နှင့် စစ်အစိုးရသည် ၂၀၀၉ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် လောက်ကိုင်မြို့၌ အစည်းအဝေးပြုလုပ်ပြီး ကိုးကန့်တပ်ဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ဖုန်ကြားရှင်၊ ဖုန်ကြားဖူး၊ ဖုန်တာ့ရှင်နှင့် ဖုန်တာ့လီတို့ကို ဝရမ်းပြေးများအဖြစ် သတ်မှတ်၍ ကြေညာခဲ့သည်။

**၂၀၀၉ ခုနှစ် စက်တင်ဘာ ၁**
ပယ်စောက်ချိန်က ကိုးကန့်ဒေသကိုအုပ်ချုပ်မည့် ယာယီဦးစီးကော်မတီ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ဖုန်ကြားရှင်ဦးဆောင်သည့်တပ်ဖွဲ့သည် ၎င်း၏ သားမက်တော်စပ်သူ ဦးစိုင်းလင်း၏ မိုင်းလားဒေသတွင်ခိုလှုံပြီး တပ်ဖွဲ့အင်အားကို ပြန်လည် တည်ဆောက်နေခဲ့သည်။

**၂၀၀၉ ခုနှစ်**
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ အစိုးရ) လက်ထက်တွင် အပစ်အခတ်ရပ်စဲရေး ချုပ်ဆိုထားသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ဖိအားပေးခဲ့သည်။ ဖုန်ကြားရှင်ဦးဆောင်သည့် MNDAA ကိုလည်း ဖိအားပေးခဲ့သည်။

**၂၀၁၁ ခုနှစ် မတ် ၃၀**
စစ်အစိုးရမှ အသွင်ကူးပြောင်းရေးအစိုးရခေတ်သို့ပြောင်းပြီး သမ္မတရှိလာသည့်နောက် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၂/၂၀၁၁) ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ ဥက္ကဋ္ဌကို ခန့်အပ်ခဲ့သည်။ ထိုစဉ်က ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသူသည် ပယ်စောက်ချိန် (ခ) ဘောစော်ချိန် ဖြစ်သည်။

**၂၀၁၄ ခုနှစ် ဒီဇင်ဘာ**
ဖုန်ကြားရှင်သည် တရုတ်နိုင်ငံကွန်မြူနစ်ပါတီ၏ နောက်ခံပြုထားသည့် Global Times သတင်းဌာနနှင့် သီးသန့်အင်တာဗျူးဖြေဆိုခဲ့ပြီး ၎င်းတပ်ဖွဲ့က ကိုးကန့်ဒေသကို ပြန်လည်ထိန်းချုပ်နိုင်ရန် လုပ်ဆောင်မည်ဟု ပြောဆိုခဲ့သည်။

**၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉**
MNDAA သည် လောက်ကိုင်မြို့ တောက်ရွှေကျေးရွာရှိ ပြည်သူ့စစ်စခန်းကို စတင် တိုက်ခိုက်ရာမှ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့နောက် လောက်ကိုင်မြို့ပတ်လည်ရှိ ကုန်းကြမ်း၊ မော်ထိုက်၊ ညံ့ခွမ်း၊ တာရွှေထန်နှင့် ၁၈ မိုင်တကြောတွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်ခဲ့သည်။ ထိုစဉ်က MNDAA ကို ရက္ခိုင့်တပ်တော် (AA) နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့က စစ်ရေးဆိုင်ရာအကူအညီများ ပေးခဲ့သည်။ ကိုးကန့်ဒေသတိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း လက်နက်ကြီးကျည်များ တရုတ်နိုင်ငံထဲသို့ ကျရောက်ပေါက်ကွဲမှု ရှိခဲ့သည်။

**၂၀၁၅ ခုနှစ် ဇွန် ၁၀**
MNDAA က တဖက်သတ် အပစ်ရပ်စဲကြောင်း ကြေညာခဲ့သည်။

**၂၀၁၅ ကိုးကန့်စစ်**

ကိုးကန့်ဒေသကို ပြန်လည်ထိန်းချုပ်နိုင်ရန် လုပ်ဆောင်မည့်အကြောင်း ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်က ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ပြောဆိုခဲ့ပြီးသည့်နောက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် တိုက်ခိုက်မှုများစတင်ခဲ့ပြီး ဇွန်လတွင် တဖက်သတ်အပစ်ရပ်စဲကြောင်း ကြေညာခဲ့သည်။ ၂၀၁၅ ကိုးကန့်စစ်ပွဲသည် အချိန်ငါးလ ကြာမြင့်ခဲ့ပြီး လောက်ကိုင်ကို ပြန်လည်ထိန်းချုပ်လိုသော ဖုန်ကြားရှင်၏ရည်ရွယ်ချက် မအောင်မြင်ခဲ့ဘဲ ကျရှုံးခဲ့ရသည်။ စစ်ပွဲစတင်ချိန်၌ မြန်မာစစ်တပ်ဘက်တွင် အထိနာမှုများရှိခဲ့ပြီး နောက်ပိုင်းတွင် ခေတ်မီလက်နက်များ ထုတ်သုံးခဲ့ရပြီးမှ အသာစီး ပြန်ရခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် "ကိုးကန့်တပ်ဖွဲ့တွေထဲမှာ တရုတ် ကြေးစားစစ်သားတွေ ပါတယ်။ တရုတ်တွေဖြစ်တယ်။ ကိုးကန့်တပ်ဖွဲ့ထဲဝင်ပြီး နယ်မြေလှုပ်ရှားမှုတွေ လုပ်နေတာပါ"ဟု ထိုအချိန်က ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးက ပြောကြားခဲ့သည်။ သို့သော် အဆိုပါပြောကြားချက်ကို ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်က ငြင်းဆိုခဲ့သည်။ အချက်အလက်အားဖြင့် ၂၀၁၅ ခုနှစ် ကိုးကန့်စစ်တွင်လည်း တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရက္ခိုင့်တပ်တော် (AA)တို့လည်း MNDAA ဘက်မှ ပါဝင်တိုက်ခိုက်ခဲ့ကြပြီး တပ်ကူအပါအဝင် စစ်အင်အား ၅,၀၀၀ ခန့် အသုံးပြုခဲ့ကြောင်း ဆိုကြသည်။ သေဆုံးမှုအနေဖြင့် မြန်မာစစ်တပ်ဘက်တွင် ၁၂၆ ဦး ရှိခဲ့ပြီး MNDAA နှင့် မဟာမိတ်များဘက်တွင် ၉၀ ဦးထက်မနည်း ရှိခဲ့သည်။ လူပေါင်း ၄၀,၀၀၀ ထက်မနည်း စစ်ပြေးဒုက္ခသည်ဖြစ်ခဲ့ရကာ မြန်မာစစ်တပ်ဘက်က ပစ်ခတ်ခဲ့သည့် ဒုံးလက်နက် လမ်းကြောင်းလွဲပြီး တရုတ်နိုင်ငံထဲကျခဲ့သဖြင့် တရုတ်လူမျိုး လေးဦး သေဆုံးခဲ့သည်။ ထိုဖြစ်စဉ်ကို တရုတ်နိုင်ငံဘက်က အပြင်းအထန် သတိပေးခဲ့သဖြင့် မြန်မာအစိုးရက ပြန်လည် တောင်းပန်ခဲ့ရသည်။

**၂၀၁၆ ခုနှစ်**
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌသက်တမ်းသည် သမ္မတသက်တမ်းနှင့် အတူတူဖြစ်ရာ ပယ်စောက်ချိန်သည် ၂၀၁၆ ခုနှစ်တွင် တာဝန်မှအနားယူသည်။ ၂၀၁၆ ခုနှစ်တွင် ကျောက်တယ်ချန်သည် ဥက္ကဋ္ဌအသစ် ဖြစ်လာပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ထဲတွင် ပယ်စောက်ချိန်၏သား ဦးခင်မောင်လွင် (ခ) ဘေရင်နယ်သည်လည်း အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

**၂၀၁၇ မတ် ၆**
MNDAA နှင့် မဟာမိတ်တပ်များက ရန်လုံကျိုင်းရဲစခန်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးဝေဆန်း၏နေအိမ်ကို နံနက်ငါးနာရီအချိန်ခန့်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ မွန်းလွဲ နှစ်နာရီအချိန်ခန့်တွင် လောက်ကိုင်မြို့ရှိ ကျင်းတင်ဟိုတယ်နှင့် ဖူလီလိုက်ဟိုတယ်တို့ကို တိုက်ခိုက်ခဲ့သဖြင့် စစ်တပ်နှင့် တိုက်ပွဲများ ဆက်လက်ပြင်းထန်ခဲ့သည်။ တိုက်ပွဲများကြောင့် လူဦးရေ ၂၀,၀၀၀ ခန့် တရုတ်နယ်စပ်ကို ဖြတ်ကျော်တိမ်းရှောင်ခဲ့ရသည်။

**၂၀၁၉ ဖေဖော်ဝါရီ ၈ ရက်**
MNDAA က အတင်းအကျပ် လူသစ်စုဆောင်းသည်ဟုဆိုကာ မြန်မာစစ်တပ်များက MNDAA ဗဟိုဌာနချုပ်ရှိရာ ဟုန်အိုင်ဒေသကို ထိုးစစ်ဆင်ခဲ့ကြသည်။ မုန်းကိုး၊ နောင်ချို၊ မုံးစီနှင့် သိန္နီမြို့များအနီး တိုက်ပွဲပြင်းထန်ခဲ့သည်၊

**၂၀၁၉ ဖေဖော်ဝါရီ ၂၅ ရက်**
တရုတ်၏ ကြားဝင်စေ့စပ်မှုဖြင့် မြန်မာ့ငြိမ်းချမ်းရေးကော်မရှင်နှင့် MNDAA အပါအဝင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ရက္ခိုင့်တပ်တော် (AA)၊ တအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့ တွေ့ဆုံခဲ့ကြသည်။

**၂၀၁၉ ဩဂုတ် ၁၅ ရက်**
ညီနောင်မဟာမိတ်သုံးဖွဲ့က ပြင်ဦးလွင် နည်းပညာစစ်တက္ကသိုလ်ကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး နောင်ချိုနှင့် ကွတ်ခိုင်တဝိုက်တွင် တိုက်ပွဲများပြင်းထန်ခဲ့သည်။

**၂၀၂၁ ခုနှစ်**
စစ်အာဏာသိမ်းပြီးနောက် MNDAA သည် စစ်ကောင်စီကို လက်နက်ကိုင်၍ တွန်းလှန်လိုသည့် လူငယ်များအား စစ်ပညာသင်ပေးခြင်း၊ လက်နက်ခဲယမ်း တပ်ဆင်ပေးခြင်းများ လုပ်ဆောင်ခဲ့သည်။

**၂၀၂၁ ဇူလိုင် ၂၈**
MNDAA က မုန်းကိုးဒေသတွင် အုပ်ချုပ်ရေးယန္တရားထူထောင်ရန်အတွက် လူထုစည်းရုံး ရေးအနေဖြင့် ကိုဗစ်ကာကွယ်ဆေးများ လိုက်လံထိုးပေးရာ မန်ယန်ကျေးရွာအနီးတွင် စစ်ကောင်စီတပ်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

**၂၀၂၁ ခုနှစ် ဩဂုတ် ၁၉**
MNDAA စစ်ဦးစီးချုပ်က ၎င်းတို့အနေနှင့် မုန်းကိုးဒေသတွင် အုပ်ချုပ်ရေးယန္တရား ထူထောင်တော့မည်ဟူသည့် အကြောင်းကြားစာတစောင်ကို ကချင်လွတ်လပ်ရေး တပ်မတော် (KIA) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လထံ ပို့ခဲ့သည်။

**၂၀၂၁ ဩဂုတ် ၂၈ ရက်**
MNDAA နှင့် စစ်ကောင်စီကြား မုန်းကိုးဒေသအတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

**၂၀၂၁ ဩဂုတ် ၃၀ ရက်**
ပန်ဆိုင်းမြို့နယ်ခွဲမှ မုန်းကိုးသို့တက်လာသော စစ်ကောင်စီ၏ ခမရ ၅၇၅ တပ်ရင်းကို MNDAA က ကြားဖြတ်တိုက်ခိုက်ခဲ့သည်။

**၂၀၂၁ စက်တင်ဘာ ၁ ရက်**
ဖောင်းဆိုင်ကျေးရွာအနီးရှိ စစ်ကောင်စီ၏ တပ်စခန်းကုန်းတခုကို MNDAA က သိမ်းယူခဲ့သည်။

**၂၀၂၂ ခုနှစ်**
MNDAA က စစ်ပညာသင်ပေးထားသည့် တပ်ဖွဲ့များထဲမှ တပ်ရင်းများ ပြန်လည်စုစည်း၍ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်တွင် တပ်မဟာ ၆၁၁ ကို အသစ်ဖွဲ့စည်းခဲ့သည်။ ထိုတပ်မဟာ ၆၁၁ အောက်တွင် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ အမှတ် ၆၀၂ PDF တပ်ရင်းနှင့် စစ်ကိုင်းတိုင်းအတွင်းမှ တပ်ရင်းတချို့ ပါဝင်သည်။

**၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ၁၆**
မိုင်းလားမြို့၌ ဖုန်ကြားရှင် ကွယ်လွန်ခဲ့သည်။ ဖုန်ကြားရှင် ကွယ်လွန်သွားသော်လည်း ၎င်း၏ သားများ၊ MNDAA ခေါင်းဆောင်များသည် ကိုးကန့်ဒေသကို ပြန်လည်ထိန်းချုပ်ရမည်ဟူသည့် ရည်မှန်းချက်ကို ဆက်လက်ဆုပ်ကိုင်ခဲ့သည်။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း၊ ပုဒ်မ ၅၆(င) တွင် ရှမ်းပြည်နယ်အတွင်းရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့သည်။ ကုန်းကြမ်းမြို့နယ်တွင် ကုန်းကြမ်းမြို့နှင့် မော်ထိုက်မြို့ လောက်ကိုင်မြို့နယ်တွင် လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့တို့ ပါဝင်ပါသည်။ လောက်ကိုင်မြို့သည် ဒေသ၏ မြို့တော်ဖြစ်သည်။ ကုန်းကြမ်းမြို့နယ်တွင် အိမ်ခြေ ၇,၇၈၆ လုံး၊ လူဦးရေ ၄၅,၀၁၃ ဦး၊ လောက်ကိုင်မြို့နယ်တွင် အိမ်ခြေ ၁၃,၈၃၃ လုံး၊ လူဦးရေ ၈၄,၉၉၈ ဦးရှိကြောင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ဇူလိုင်လစာရင်းအရ သိရသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးနှင့် လုံခြုံရေးကဏ္ဍနှစ်ရပ်ကို အောက်ပါအဖွဲ့များဖြင့် လည်ပတ်လျက် ရှိသည်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့

၂၀၀၉ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပယ်စောက်ချိန် (ခ) ဘေစော်ချိန်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယာယီဦးစီးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၂/၂၀၁၁) ဖြင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကို ဖွဲ့စည်းကာ ၎င်းကိုပင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။ ဥပဒေအရ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတသက်တမ်းနှင့်အညီ ဖြစ်သည်။ ထို့အပြင် ဦးစီးအဖွဲ့ကို အနည်းဆုံး ၁၀ ဦးဖြင့် ဖွဲ့စည်းရပြီး ထိုအထဲတွင် ဒေသတွင်းမှ ရွေးကောက်ခံကိုယ်စားလှယ်များ၊ လုံခြုံရေးကဏ္ဍအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပေးအပ်သူများ၊ ယင်းကိုယ်စားလှယ်နှစ်မျိုးက ပြန်လည်ရွေးချယ်သူများဖြင့် ဖွဲ့စည်းရသည်။ ဦးစီးအဖွဲ့ ဒုတိယသက်တမ်းတွင် ကျောက်တယ်ချန်က ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

၂၀၂၀ ပြည့်နှစ်အထိ သိရသော အချက်အလက်များအရ အမှတ်-၁၀၀၆ နယ်ခြားစောင့်တပ်၏ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး ဝေဆန်း (အငြိမ်းစား)က တာဝန်ယူခဲ့ပြီး သားဖြစ်သူ ဦးမောင်မောင် (Fully Light စီးပွားရေးအင်ပါယာ)ခေါင်းဆောင်က အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ဦးမောင်မောင်မှာ မကြာသေးခင်က တရုတ်အစိုးရ၏ ဖမ်းဆီးခြင်းခံထားရသည်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့

စစ်အာဏာသိမ်းပြီးသည့်အခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ကို ၂၀၂၁ ခုနှစ် မတ် ၄ ရက်တွင် အသစ်ဖွဲ့စည်းခဲ့သည်။

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ဦးမြင့်ဆွေ (ခ) လီကျိန်းဖူ |
| အဖွဲ့ဝင် | - | ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး |
| အဖွဲ့ဝင် | - | ဦးခင်မောင်လွင် (ခ) ဘောရင်နယ် (ပယ်စောက်ချိန်၏သား) |
| အတွင်းရေးမှူး | - | ဦးမိုးဇော်လတ် |

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ လောက်ကိုင်မြို့နယ်တွင် အမှတ်-၁၀၀၆ နယ်ခြားစောင့်တပ်အပြင် စစ်ကောင်စီ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) အခြေစိုက်ပြီး တပ်မ တခု၊ တပ်ရင်း ၁၃ ခု၊ ကုန်းကြမ်းမြို့နယ်တွင် တပ်မနှစ်ခုနှင့် တပ်ရင်းတရင်း အခြေစိုက်လှုပ်ရှားသည်။

## ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)

| | | |
|---|---|---|
| ဒေသကွပ်ကဲရေးမှူး | - | ဗိုလ်မှူးချုပ် မိုးကျော်သူ |
| ကုန်းကြမ်း | - | ခလရ ၁၂၅ |
| လောက်ကိုင် | - | ခလရ ၁၂၈ (ပါစင်ကျော်)၊ ခလရ ၁၂၉ (ညံ့ခွမ်း)၊ ခလရ ၂၃၉၊ ခလရ ၃၂၂။ |

## အမှတ်-၁၀၀၆ နယ်ခြားစောင့်တပ်

နယ်ခြားစောင့်တပ်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် စတင်ဖွဲ့စည်းသည်။

| | | |
|---|---|---|
| တပ်ရင်းမှူး | - | ဗိုလ်မှူး ရန်ရှောက်ကျင့် |
| အခြေစိုက်ဒေသ | - | လောက်ကိုင်၊ ကုန်းကြမ်း၊ ကွမ်းလုံ |

လောက်ကိုင်မြို့တွင် အမှတ်-၁၀၀၆ နယ်ခြားစောင့်တပ်အပြင် ပြည်သူ့စစ် (ဌာနေ)အဖွဲ့လည်း အခြေစိုက်သည်။

---

ကိုးကန့်ဒေသနှင့်ဆက်စပ်နေသော နောက်ခံအကြောင်းအရာများဖြစ်သည့် ကိုးကန့်များ မြန်မာနယ်နိမိတ်ထဲ ပါဝင်လာခြင်း၊ ရန်မိသားစု၊ ဖုန်မိသားစု၊ ပယ်မိသားစု၊ ခေတ်ဟောင်းကိုးကန့်တပ်နှင့်ခေတ်သစ် MNDAA (မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်)တို့အကြောင်းအပါအဝင် ဆက်စပ်အခြေအနေများကို ISP-Myanmar ကပြင်ရပ်ဝန်းဝက်ဘ်ဆိုက်တွင် အပြည့်အစုံဖတ်ရှုနိုင်ပါသည်။

# ISP TIMELINE

ISP ကပြင်ရပ်ဝန်း

နိုဝင်ဘာ ၁၀ ရက်၊ ၂၀၂၃ ခုနှစ်

## စစ်ဆင်ရေး ၁၀၂၇ နှင့် ဆက်စပ်အခြေအနေများ

(၂၀၂၃ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ)

### အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် 'စစ်ဆင်ရေး ၁၀၂၇' စတင်ကြောင်း ညီနောင်မဟာမိတ်သုံးဖွဲ့ ဖြစ်သည့် မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က ကြေညာပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းရွှေဟော်အပါအဝင် မူဆယ်၊ လားရှိုး၊ သိန္နီမြို့နယ်တို့တွင် စစ်မျက်နှာတပြိုင်တည်းဖွင့်၍ စစ်ကောင်စီကို ထိုးစစ်ဆင်ခဲ့သည်။ 'စစ်ဆင်ရေး ၁၀၂၇'တွင် ညီနောင်မဟာမိတ်သုံးဖွဲ့နှင့်အတူ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ PDF (MDY) နှင့် မိုးကုတ်ဗျူဟာ (PDF) တို့လည်း ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ စစ်ဆင်ရေးစသည့် ပထမတရက်တည်းတွင် အခြေစိုက်စခန်းကြီးများနှင့် ရှေ့တန်းတပ်စခန်းများ စုစုပေါင်းတပ်စခန်း ၂၂ ခုထက်မနည်းကို သိမ်းခဲ့ပြီး ဟိုပန်နှင့် ကွမ်းလုံကို ဆက်သွယ်ထားသည့် ဖောင်ဆိပ်တံတားကို ဖောက်ခွဲခဲ့သည်။

### အောက်တိုဘာ ၂၈

မူဆယ်၊ ကွတ်ခိုင်၊ လားရှိုးမြို့နယ်အတွင်းရှိ စစ်ကောင်စီစခန်း ၂၇ ခုနှင့် သိန္နီရဲစခန်း၊ နမ့်စလပ်ရဲစခန်းတို့ကို ထပ်မံသိမ်းဆည်းခံခဲ့ရသည်။ ညီနောင်မဟာမိတ်တပ်များ ရရှိခဲ့သည့်စခန်းများအနက် ချင်းရွှေဟော်မြို့အနီးရှိ မာကျားတိပေါက်စခန်းသည် ကိုးကန့်ဒေသတွင်း စစ်ဗျူဟာအရ အရေးပါသည့် စခန်းကြီးဖြစ်သည်။ ထို့အပြင်သိန္နီမြို့ရှိ စစ်ကောင်စီတပ်များ၊ ရဲများသည်လည်း မြို့သိမ်းတိုက်ပွဲစစ်ဆင်ရေးအဖြစ် တိုက်ခိုက်ခံခဲ့ရသည်။

### အောက်တိုဘာ ၂၉

နောင်ချို၊ သိန္နီ၊ မိုးကုတ်၊ လားရှိုး၊ ချင်းရွှေဟော်၊ မုန်းကိုးမြို့များရှိ စစ်ကောင်စီတပ်စခန်း ၁၄ ခုနှင့် နမ့်ဘွမ်ရဲစခန်းတို့ကို သိမ်းခံခဲ့ရသည်။ သိမ်းယူခဲ့သောစခန်းများတွင် စစ်ရေးအရ ဗျူဟာကျသည့် ဖောင်းဆိုင်ဗျူဟာစခန်းနှင့် လားရှိုးမြို့အနီးရှိ အခြေစိုက်စခန်းနှစ်ခုတို့ ပါဝင်သည်။ သံချပ်ကာကားတစီးလည်း ညီနောင်မဟာမိတ်တပ်များဘက်က သိမ်းဆည်းရမိခဲ့သည်။

### အောက်တိုဘာ ၃၀

ချင်းရွှေဟော်မြို့နှင့် မူဆယ်မြို့နယ်အတွင်းရှိ ဖောင်းဆိုင်ဒေသကို ထိန်းချုပ်မှုရပြီဟု ကြေညာခဲ့သည်။ ထိုနေ့တွင် စခန်းအနည်းဆုံး ၁၀ ခု ထပ်မံ သိမ်းဆည်းခဲ့ပြီး အများဆုံး သိမ်းဆည်းခံရသည့်စခန်းများသည် မုန်းကိုးဒေသတွင်းမှဖြစ်သည်။ ကိုးကန့်ဒေသတွင်လည်း သံလွင်မြစ်အရှေ့ခြမ်းက ရန်တော်စံကျေးရွာအနီးရှိ အခြေစိုက်စခန်းကြီးတခုကို ညီနောင်မဟာမိတ်များက သိမ်းဆည်းခဲ့သည်။ သိန္နီ-ကွမ်းလုံတံတား ဖောက်ခွဲခံခဲ့ရသည့်အပြင် ကွမ်းလုံအခြေစိုက် ခလရ ၁၄၃ မှ အရာရှိများအပါအဝင် တပ်ဖွဲ့ဝင် ၄၀ ကျော်က လက်နက်ချ၍ စခန်းအပ်ခဲ့သည်ဟုလည်း ကြေညာခဲ့သည်။ ထို့အပြင် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်ရှိ မော်ကွန်းတောင်ကြောတလျှောက်တွင်လည်း ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ် (PDF) များက AA နှင့် ပူးပေါင်း၍ 'စစ်ဆင်ရေး ၁၀၂၇' အစိတ်အပိုင်းအဖြစ် စစ်ကောင်စီကို တိုက်ခိုက်နေပြီဟု ထုတ်ပြန်ခဲ့သည်။

### အောက်တိုဘာ ၃၁

သိန္နီ၊ နမ့်ခမ်း၊ မူဆယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ စစ်ကောင်စီတပ်စခန်း အနည်းဆုံး ကိုးခုကို မဟာမိတ်တပ်များ သိမ်းယူခဲ့သည်။ ထိုအထဲတွင် လားရှိုးနှင့် သိန္နီကြားရှိ မိုင်းပါးတပ်စခန်းသည် မဟာမိတ်တပ်များ ဝိုင်းခံရသဖြင့် ပြန်လည်မတိုက်ခိုက်ဘဲ စခန်းကို စွန့်ခွာထွက်ပြေးခဲ့ကြသောကြောင့် စခန်းသိမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

### နိုဝင်ဘာ ၁

သိန္နီ၊ ကွမ်းလုံ၊ မုန်းကိုးနှင့် နောင်ချိုမြို့နယ်အတွင်းရှိ စစ်ကောင်စီတပ်စခန်းများနှင့် နောင်ချိုမြို့နယ်သို့ စစ်ကူလာသော စစ်ကြောင်းများကို မဟာမိတ်တပ်များက ဆက်တိုက်ခိုက်ခဲ့သည်။ လောက်ကိုင်၊ ကွတ်ခိုင်၊ မူဆယ်-နမ့်ခမ်းလမ်းနှင့် မူဆယ်မြို့များရှိ တပ်စခန်းအနည်းဆုံး လေးခုကို သိမ်းယူခဲ့သည်။ ယင်းတပ်များအနက် စစ်ကောင်စီ၏ အခြေစိုက်စခန်းကြီးဖြစ်သော မန်းတုံပစခန်းလည်း ပါဝင်သည်။ စစ်ကောင်စီက အုမ္မခါး၊ ဆမ်မဆယ်ရွာများနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဌာနချုပ် လိုင်ဇာမြို့အနီးသို့ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

### နိုဝင်ဘာ ၂

ချင်းရွှေဟော်၊ သိန္နီ၊ ကြူကုတ်(ပန်ဆိုင်း)နှင့် ဖောင်းဆိုင်ဒေသများကို အလုံးစုံထိန်းချုပ်နိုင်ကြောင်း ကြေညာသည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပြီး နမ့်ခမ်း၊ လောက်ကိုင်နှင့် ကွမ်းလုံရှိ အခြေစိုက်စခန်းကြီးများအပါအဝင် တပ်စခန်း အနည်းဆုံး လေးခုကို ထပ်သိမ်းခဲ့သည်။

### နိုဝင်ဘာ ၃

မန်တုံ၊ မိုးမိတ်၊ လောက်ကိုင်နှင့် နမ့်ခမ်းမြို့နယ်အတွင်းရှိ စစ်ကောင်စီ၏ တပ်စခန်း အနည်းဆုံး ရှစ်ခုနှင့် မန်တုံရဲစခန်း သိမ်းခံခဲ့ရသည်။ ထိုစခန်းများအနက် လောက်ကိုင်မြို့နယ်မှ ချောက်ပါးကျိုင့်နှင့် ရှီမိန်ခိုင်စခန်းတို့သည် မြန်မာ-တရုတ်နယ်စပ်အနီးရှိ အခြေစိုက်စခန်းများ ဖြစ်သည်။

### နိုဝင်ဘာ ၄

သံလွင်မြစ်အရှေ့ဘက်ခြမ်း ကိုးကန့်ဒေသနှင့် မြစ်အနောက်ဘက်ခြမ်းရှိ မုန်းကိုးဒေသတို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်။ ကိုးကန့်ဒေသ၊ မုန်းကိုး၊ လားရှိုးနှင့် မိုးမိတ်မြို့နယ်တို့မှ စစ်ကောင်စီတပ်စခန်း အနည်းဆုံး ရှစ်ခု ထပ်မံသိမ်းခံခဲ့ရသည်။

### နိုဝင်ဘာ ၅

မုန်းကိုးဒေသ၊ နမ့်ခမ်း၊ ကျောက်မဲ၊ မန်တုံနှင့် လောက်ကိုင်မြို့နယ်တို့မှ စစ်ကောင်စီ တပ်စခန်း အနည်းဆုံး ၁၀ ခု သိမ်းဆည်းခံခဲ့ရသည်။ ထိုစခန်းများအနက် မုန်းကိုးဒေသရှိ ပန်လုံဗျူဟာကုန်းသည် စစ်ရေးအရ အရေးပါသည့်စခန်းဖြစ်သည်။ ထို့အပြင် လောက်ကိုင်မြို့နယ်မှ တာ့ရွှေထန်စခန်းသည် စစ်ကောင်စီတပ်ဖွဲ့များ လက်နက်များပါထား၍ စွန့်ခွာသွားသဖြင့် သိမ်းဆည်းခံလိုက်ရခြင်း ဖြစ်သည်။

### နိုဝင်ဘာ ၆

နောင်ချို၊ နမ့်ခမ်း၊ သိန္နီ၊ မူဆယ်နှင့် ကိုးကန့်ဒေသတို့အတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး တပ်စခန်း အနည်းဆုံးငါးခုနှင့် နမ့်ခမ်းမြို့မရဲစခန်း သိမ်းခံခဲ့ရသည်။ တဖက်တွင်လည်း စစ်ကိုင်းတိုင်း၌ ကောလင်းမြို့ကို KIA၊ AA၊ PDF နှင့် ဒေသခံကာကွယ်ရေးတပ်များ ပူးပေါင်း၍ သိမ်းယူလိုက်သည်။

### နိုဝင်ဘာ ၇

မြန်မာ-တရုတ် နယ်စပ်နှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးကို စိုးမိုးနိုင်ပြီး စစ်ရေးအရရော နယ်စပ်ကုန်သွယ်ရေးအတွက်ပါ အချက်အခြာကျသည့် မုန်းကိုးဗျူဟာအပါအဝင် အနည်းဆုံး တပ်စခန်း လေးခုကို ထပ်မံသိမ်းဆည်းခဲ့သည်။ 'စစ်ဆင်ရေး ၁၀၂၇'ကို ကြိုဆိုသည့်အနေဖြင့် ကယားပြည်နယ် မယ်စဲ့မြို့ ပန်တိန်းရွာအနီးရှိ စစ်ကောင်စီ၏ ကင်းစခန်းနှစ်ခုကို ပြည်နယ်အတွင်းရှိ လက်နက်ကိုင်တပ်များက သိမ်းယူခဲ့သည်။

### နိုဝင်ဘာ ၈

ကိုးကန့်ဒေသနှင့် နောင်ချိုမြို့နယ်အတွင်းရှိ စစ်ကောင်စီစခန်းများ တိုက်ခိုက်ခံရသည်။ လောက်ကိုင်မြို့နယ်အတွင်းရှိ မာလီလင်စခန်းကို မဟာမိတ်တပ်များက သိမ်းယူခဲ့သည်။

www.ISPMyanmar.com/community

# ISP Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202